
mgyne.com SAMPLE BOOK

ထက်ဘုန်းရှိန်

# ငါ မမြင်ရတဲ့... မိုး
# ငါ မမြင်ရတဲ့... ငါ



mgyoe.com
SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၉၄)

## ပုံနှိပ်မှတ်တမ်း



# ထက်ဘုန်းရှိန်

## ငါ မမြင်ဖူးတဲ့ မင်း၊ ငါ မမြင်ဖူးတဲ့ ငါ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ

မျက်နှာဖုံးဒီဇိုင်း ♦ Citamin

အတွင်းဒီဇိုင်း ♦ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၅၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

ထက်ဘုန်းရှိန်
ငါ မမြင်ဖူးတဲ့ မင်း၊ ငါ မမြင်ဖူးတဲ့ ငါ / ထက်ဘုန်းရှိန်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၁၁၂၊ ၁၃.၉၇ စင်တီ × ၂၀.၃၂ စင်တီ
(၉၄) ငါ မမြင်ဖူးတဲ့ မင်း၊ ငါ မမြင်ဖူးတဲ့ ငါ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ ရှေ့ပြေးစကား ၅

၂။ အစပျိုးခြင်း

➲ ကမ္ဘာအကူးအပြောင်း ၉

၃။ အပိုင်း (၁) မမြင်ရပေမဲ့ မြင်ကွင်းတွေအကြောင်း ပြောပြမယ်

➲ ဖြစ်ပေါ်ခြင်း ၁၆

➲ ကစားပွဲ ၁၉

➲ ပုံပြင်တွေရဲ့ နောက်ကွယ် ၂၄

➲ အဖော်သစ် ရှာဖွေခြင်း ၂၉

➲ အမည်းရောင်လွင်ပြင်များ ၃၄

➲ တံစက်မြိတ်က မိုးရေတံခွန်လေးတွေ ၃၇

➲ ပုံမှန်မဟုတ်တဲ့ တစ်ခုသော ညနေခင်းမှာ ၄၂

➲ အတိုင်းအဆ ပျောက်ဆုံးခြင်း ၄၇

➲ နေရာဟောင်းတစ်ခုက မှတ်ဉာဏ်တွေရဲ့ သချိုင်းလား ၅၄


mgyoe.com

mgyoe.com · SAMPLE BOOK

# မာတိကာ


၄။ အပိုင်း (၂) တစ်ယောက်ယောက်က မေးတယ်၊
ဒါပေမဲ့ အဖြေကို မရှာပါနဲ့။

⊃ ဖေဖေ ၇၂
⊃ မေမေ ၈၀
⊃ အင်း၊ ပြီးတော့ရော . . . ၈၆

၅။ အပိုင်း (၃) မှုမှန်ခြင်း၊ ပုံသဏ္ဍာန်မှန်ခြင်းနဲ့ မှုမမှန်ခြင်း၊
ပုံသဏ္ဍာန်မမှန်ခြင်း

⊃ နေသာ ၉၈
⊃ ကိုကို ၁၀၂
⊃ မေမေ ၁၀၄
⊃ ကိုကို့မမ ၁၀၅

၆။ အဆုံးသတ်

⊃ အဓိပ္ပာယ်ကို ရှာတွေ့ခဲ့သူတစ်ဦး ၁၀၈


mgyoe.com

mgyoe.com SAMPLE BOOK

# ရှေ့ပြေးစကား

မနက်၊ နေ့၊ ည။ ဒီအချိန်ကို ဒီဝေါဟာရတွေနဲ့ မခေါ်ဘဲ အခြားဘယ်လိုများ ခေါ်လို့ ရနိုင်ပါသေးလိမ့်...။

ဘယ်အရည်အသွေးတွေနဲ့ သတ်မှတ်ပြီး "လူ" လို့ သတ်မှတ်ကြပါလိမ့်။

ကျွန်တော် လူတစ်ယောက်ကို မြင်လိုက်တယ်။ ရှေ့တည့်တည့်မှာ သူ ရပ်နေတယ်။ သူ့ဘေးနားမှာလဲ နောက်ထပ် လူတွေ ရပ်နေကြတယ်။ အလုပ်သွားကြမှာလား၊ အလုပ်က ပြန်လာကြတာလား၊ နားရက်မို့ အပြင်ထွက်ပြီး ဈေးဝယ်ထွက်၊ အလည်အပတ်သွားကြတာလား...။ အဲဒီလူတွေကြားက လူတစ်ယောက်ကို ကျွန်တော် မြင်လိုက်တာပါ။ အဲဒီလူကို ကျွန်တော် မြင်လိုက်ပေမဲ့ တကယ့်တကယ်မှာ မြင်လိုက်ရတယ်လို့ ကျွန်တော် မသေချာနေခဲ့ဘူး။ ကျွန်တော် သူ့ကို မြင်လိုက်ပေမဲ့ မမြင်လိုက်ရတာမျိုးလား။ ဒီနေရာမှာ မြင်တယ်လဲ ပြောပေမဲ့ မမြင်ဘူးလို့လဲ ပြောနေတော့ အနက်ကောက်ရ အဓိပ္ပာယ်ယူရ ကျဉ်းကျပ်နေပါလိမ့်မယ်။ အဲဒီလူကို ကျွန်တော် မြင်လိုက်ရတယ်၊ သူ့ရဲ့ အရပ်၊ ကိုယ်နေဟန်ထား၊ အဝတ်အစား၊ ဆံပင်အရောင်၊ တစ်နည်းပြောရရင် သူ့ရဲ့အသွင်အပြင်။ ဒါပေမဲ့ ကျွန်တော် အဲဒီအရာတွေကို မြင်လိုက်ရပေမဲ့ သူ့မှာ ကျွန်တော် မမြင်လိုက်ရ၊ မမြင်နိုင်လောက်တဲ့ အရာတွေ၊ အချက်တွေ အများကြီးလည်း ရှိနေမယ်လို့ ကျွန်တော် တန်းပြီး တွေးမိသွားတယ်။ "လူတစ်ယောက်ကို မြင်လိုက်တယ်၊ ဒါပေမဲ့ မမြင်လိုက်ဘူး" က ဒါတွေ

mgyoe.com

mgyoe.com

ကနေ ပေါက်ဖွားလာပုံရတယ်။ ကျန်တဲ့ လူတွေကိုရော မြင်လိုက်ရတာ သေချာလား လို့ မေးရင် ယတိပြတ် အဖြေမရှိဘူးဆိုတာတော့ ထင်ရှားနေပါတယ်။

လူလို့ စဖြစ်လာချိန်ကနေ ယခု လက်ရှိအချိန်အထိ ကိုယ့်ရှေ့မှာ ရှိနေတဲ့ အရာကို ရှိနေမှန်း သိသိရက်၊ မြင်နေရက်နဲ့ မမြင်ရဘူး၊ ကိုယ်တိုင် ကြုံလိုက်ရတဲ့ အဖြစ်အပျက်ကို မြင်လိုက်သိလိုက်ရပေမဲ့ဘ မမြင်ခဲ့ရသလို၊ မသိခဲ့ရသလို ခံစားမိတဲ့ အခြေအနေမျိုး ကြုံခဲ့ဖူးလားလို့ အချိန်ကာလတစ်ခုလုံးကို ဆန်းစစ်ကြည့်ပြီး လိုက်ရှာကြည့်တဲ့အခါ တစ်ခုခုကို တွေ့ရပါလိမ့်မယ်။ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ခုနဲ့ တစ်ခု၊ တစ်နေရာနဲ့ တစ်နေရာ တူညီနေတာလဲ ရှိနိုင်သလို ပြဒါးတစ်လမ်း သံတစ်လမ်း ကွဲလွဲနေတာလဲ ရှိနေနိုင်ပြန်တယ်။ အဲဒီအားလုံးကို စုစည်းပြီး ကိုယ့်ရဲ့ အသိအစာတွေကို အကုန်ဖယ်ထုတ်ထားတဲ့ ဗလာနယ်တစ်ခုထဲမှာ ထားကြည့် ကြည့်ရင် မြင်ခြင်းနဲ့ မမြင်ခြင်း၊ သိခြင်းနဲ့ မသိခြင်းတွေကို ဘာတွေနဲ့ ခွဲခြားကြ မလဲ။ တကယ်တော့ လက်ခံထားတဲ့ စံတွေ၊ သတ်မှတ်ချက်တွေ၊ စည်းတွေ၊ ဘောင်တွေက အတ္တနောမတိတွေပဲ မဟုတ်လား။ အစုအဖွဲ့ရဲ့ သဘောတူညီချက်တွေ ကနေ ရှင်သန်ဖြစ်တည်လာကြတဲ့ သစ်တုံးတွေကို စီးစရာလုပ်ပြီး ခရီးဆက်နေကြတဲ့ "လူ" အမည်ရ သတ္တဝါတွေပါပဲ။

တစ်မနက်ရဲ့ စိတ်လက်ကြည်သာ ရှိနေချိန်မှာ စိတ်ထဲ ဟိုးကာလတွေ ကတည်းက စွဲထင်ကျန်ရစ်နေခဲ့တဲ့ ရုပ်ပုံတွေက အာရုံထဲ ပြန်ပေါ်လာကြတော့ အကြမ်းထည်တွေ ခြစ်မိသွားတယ်။ အဲဒီကနေ ဇာတ်ကြောင်းအကြမ်းပါ ချပြီး ဖြစ်သွားတယ်။ ဇာတ်သိမ်းကတော့ ရေးရင်းနဲ့မှ ဘယ်လိုလာမလဲ စိတ်ကို ဖွင့်ထား လိုက်မိတယ်။ အဲဒီရုပ်ပုံလေးတွေက ပုံမှန်ဖြစ်တည်ခြင်းနဲ့ ထူးခြား (ပုံမမှန်လို့ မသုံးလို) ဖြစ်တည်ခြင်းကြားက ဆက်နွယ်ချက်နဲ့ ဆက်သွယ်ချက်တွေအကြောင်း ကျွန်တော့်ကို ပြင်ပြင်သာသာလေး မြင်စေခဲ့တယ်။ ဝတ္ထုဖန်တီးဖို့ လေးနှစ်ကြာ ရပ်တန့်နေခဲ့ပြီးနောက်မှာ အမြစ်တွယ်နှစ်ဝင်နေခဲ့တဲ့ ရုပ်ပုံတွေက တံခါးသစ်တစ် ချပ်ကတော့ စဖွင့်လိုက်ပြီ ထင်ပါရဲ့။ ဒီစာရုပ်ပုံတွေကို မဖတ်ခင်မှာ တစ်ခုတင်ကူး တွေးကြည့်စေချင်ပါတယ်။ ကျွန်တော်တို့ လူမှုအသိုက်အဝန်းမှာ အများလက်ခံ ထားကြတဲ့ မူမှန်ခြင်း၊ ပုံသဏ္ဌာန်မှန်ခြင်းနဲ့ မူမမှန်ခြင်း၊ ပုံသဏ္ဌာန်မမှန်ခြင်းတွေကို ဘယ်လိုစံနှုန်း၊ ဘယ်လိုပေတံနဲ့များ တိုင်းတာသတ်မှတ် တန်ဖိုးဖြတ်ကြသလဲ ဆိုတဲ့ အချက်လေးပါပဲ။

စာရုပ်ပုံတွေကို အစပျိုးခြင်း၊ အပိုင်းကြီး ၃ ပိုင်း၊ အဆုံးသတ်နဲ့ ဖွဲ့စည်း

mgyoe.com

SAMPLE BOOK

ထားပုံမှာ တစ်ပိုင်းစီရဲ့ ရေးဟန်က တစ်မျိုးစီ ဖြစ်ပါတယ်။ အဖြစ်အပျက်ကို အသေးစိတ် ပုံဖော်ပေးသွားတာလည်း ရှိမယ်၊ ဝင်သက်ထွက်သက်တွေကို မေးခွန်းပေါင်းများစွာနဲ့ ဖြစ်နေတာတွေလည်း ရှိမယ်၊ အဝတ်တစ်ထည်ကို ရေကုန်စင်အောင် ညှစ်ချထားသလို ပကတိအသားချည်း ကျန်နေတဲ့ အတွေးတင်ပြမှုတွေလည်း ရှိမယ်။ ဒီတော့ တစ်ပိုင်းကနေ နောက်တစ်ပိုင်းကို ကူးရာမှာ ရေးဟန်အရ လုံးဝ ပြောင်းသွားတာကို တွေ့ရလိမ့်မယ်၊ ရေးဟန်အရ ချိတ်ဆက်မှု လုံးဝ မရှိသလောက်ပဲ။ ဒါပေမဲ့ အကြောင်းအရာ စီးဆင်းမှုကို ချိတ်ထားတာက အပိုင်းတစ်ခုရဲ့ အခွဲတစ်ခုစီမှာပါတဲ့ ဝါကျတွေက အခြားအပိုင်းက တစ်နေရာမှာ ဆက်စပ်နေတာမျိုးပါ။ ဒီတော့ နည်းနည်းတော့ မောလိမ့်မယ်။ တစ်ရစ်ချင်း တွေးရင်းနဲ့မှ တစ်ကွက်ချင်း ပေါ်လာမယ်၊ အဲဒီကနေမှ ဇာတ်အိမ်က ချိတ်ဆက်လာပြီး ဇာတ်လမ်းရဲ့ မြင်ကွင်းတွေ ထင်းလာမှာမျိုးလို့ ဆိုရပါမယ်။

*မမြင်ရပေမဲ့ မြင်ကွင်းတွေအကြောင်း ပြောပြမယ်...*
*တစ်ယောက်ယောက်က မေးတယ်၊*
*ဒါပေမဲ့ အဖြေကို မရှာပါနဲ့. . .*
*မှူမှန်ခြင်း၊ ပုံသဏ္ဍာန်မှန်ခြင်းနဲ့ မှူမမှန်ခြင်း၊ ပုံသဏ္ဍာန်မမှန်ခြင်း. . .*
*ငါ မင်းကို မမြင်ဖူးဘူး၊ ပြီးတော့ ငါ ငါ့ကိုယ်ငါ မမြင်ဖူးဘူး. . .*
*အခြားသူတွေ သတ်မှတ်ချက်အရ ငါ ငါ့ကိုယ်ငါ မမြင်နေရတာလား...*
*တကယ့်တကယ်မှာ ငါက မြင်နေရသူတစ်ယောက်လား. . .*

မုန့်ဝိုင်းတစ်ချပ်ရဲ့ စိတ်ဖြာထားတဲ့ အစိတ်အပိုင်းတွေထဲ ဘယ်လို ပါဝင်ပစ္စည်းတွေ ပါနေမလဲ. . .။

ထက်ဘုန်းရှိန်
၂၁ း ၀၂ မိနစ်
၁၄. ၅. ၂၀၂၄။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အစပျိုးခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

# ကမ္ဘာအကူးအပြောင်း

ထီးကလေးမြို့ ပြည်သူ့ဆေးရုံမှာ ကျွန်တော် ရောက်နေခဲ့တယ်။

အစကတော့ ကျွန်တော် ဆေးရုံမှာ မဟုတ်ဘူး။ ပြောရရင် ဒီလောကကြီးထဲကို ကျွန်တော် ရောက်မလာခဲ့သေးတာ။

ကျွန်တော့်မှာ ကမ္ဘာသေးသေးလေးတစ်ခု ရှိခဲ့တယ်။ အဲဒီကမ္ဘာလေးက အစကတော့ ကျွန်တော့်အတွက် အတော်လေး နေလို့ထိုင်လို့ ကောင်းသားပဲ။ ဒါပေမဲ့ တစ်နေ့တခြား အဲဒီကမ္ဘာလေးက ကျုံ့ကျုံ့ပြီး သေးသေးလာတယ်လို့ ကျွန်တော် ခံစားလာမိတယ်။ တစ်ခါတစ်ခါဆိုရင် ကျွန်တော် အဲဒီကမ္ဘာလေးရဲ့ နံရံတွေကို ခြေထောက်နဲ့ ကန်မိနေသေးတာ။ နံရံလေးတွေက ပျော့ပျော့ကလေးတွေ။

ကျွန်တော် အဲဒီ ကမ္ဘာလေးထဲမှာ ဘယ်လောက်ကြာအောင် နေခဲ့မိလဲ မသိပါဘူး။

တစ်ရက်မှာတော့ ကျွန်တော် အဲဒီကမ္ဘာလေးကို စွန့်ခွာလာဖို့ ဖြစ်လာခဲ့တယ်။ ကျွန်တော်နေခဲ့တဲ့ ဒီကမ္ဘာလေးမှာ ကျွန်တော် မွန်းကျပ်လာတယ်၊ နေရတာ ကျဉ်းကျပ်လာတယ်လို့ ခံစားလာမိတယ်။ ပြီးတော့ တစ်နေရာရာကို ထွက်သွားဖို့ လိုနေပြီလို့ ကျွန်တော် တွေးနေမိတယ်။

ဒီကမ္ဘာလေးက ကျွန်တော် နေထိုင်ဖို့ တကယ် သင့်လျော်တဲ့ နေရာလေး တစ်ခု ဆိုပေမဲ့...

mgyoe.com

mgyee.com

ဟမ် ... ကျွန်တော်နဲ့ အဲဒီကမ္ဘာလေးရဲ့ ဆက်နွယ်မှုကြိုးကလေးကို သူတို့ ဖြတ်လိုက်ကြတယ်။ ကျွန်တော် အားတွေရခဲ့တဲ့၊ ကျွန်တော့်ကို အားအင်တွေပေးခဲ့တဲ့ ဒီကြိုးလေးကို ဘာလို့ ဖြတ်တောက်လိုက်ကြတာလဲ။

ဒီနေရာကြီးက အေးလိုက်တာ။ ကျွန်တော် နေခဲ့တဲ့ ကမ္ဘာလေးက နွေးထွေးခဲ့သလောက် ဒီနေရာကြီးက အေးစက်နေတာပဲ။ ကျွန်တော် မကြိုက်ဘူး။ ကျွန်တော် လုံးဝ မကြိုက်ဘူး။

ကျွန်တော့်ကို တစ်ခုခုက လာထိနေတာ။ အာ... ကြမ်းတမ်းတမ်း ရှတတနဲ့ ဘာကြီးလဲ။ ကျွန်တော့် အသားတွေကို လာမထိကြပါနဲ့။ နာလိုက်တာ။ တော်ပါတော့... မထိကြပါနဲ့တော့။

အသံတွေပါလား... ကျွန်တော် နားမလည်တဲ့ အသံတွေ...ဘာသံတွေပါလိမ့်။ တစ်နေရာရာက အသံအကျယ်ကြီးနဲ့ အော်လိုက်သလို အဲဒီ ဘေးနားက ဖြစ်မယ်ထင်တယ်၊ အသံတွေ တိုးလာလိုက် ကျယ်လာလိုက်နဲ့။

ကျွန်တော်လည်း ရောယောင် အသံပြုကြည့်မိတယ်။ အူး... ကျွန်တော့် အသံက စူးဝါးနေတာပဲရော။ ပြီးတော့... ပြီးတော့... ကျွန်တော် အဲ့လို အသံထွက်နေရတာကို ကျွန်တော် တကယ် မကြိုက်ဘူး။

နေရာဟောင်းကနေ စွန့်ခွာလာရတာက ဒီလောက် ကြမ်းတမ်းမယ်မှန်း ကျွန်တော် တကယ် မတွေးမိခဲ့ဘူး။ အကူးအပြောင်းမှာ တော်တော်ကျဉ်းကျပ်တဲ့ လမ်းကနေ ကျွန်တော် ရုန်းကန် တိုးထွက်လာခဲ့ရတာ။ နေရာသစ်က ဒီလို ကြမ်းတမ်းတဲ့ အထိအတွေ့တွေ၊ ဆူလောင်တဲ့ အသံတွေ၊ ကျွန်တော့်ကိုယ် ကျွန်တော် ဒီလောက် နာကျင်ရလိမ့်မယ်လို့လည်း မမျှော်မှန်းထားခဲ့ဘူး။

ကျွန်တော် ဒီကမ္ဘာကို ဆူညံသံနဲ့ ရောက်လာခဲ့တယ်။ ကျွန်တော့်ကို ဒီကမ္ဘာက ဆူညံသံနဲ့ ကြိုဆိုကြတယ်။

ကျွန်တော် နေရာသစ်ကို ခြေချလိုက်မိချင်းမှာပဲ ဒီကမ္ဘာရဲ့ ကြမ်းတမ်းမှုကို စတင်ခံစားမိတယ်။

ဒီကမ္ဘာရဲ့ အခြေအနေ အသွင်အပြင် အရပ်ရပ်ကို ကျွန်တော် သေချာ မသိရသေးခင်၊ ပြောရရင် ကျွန်တော် မစူးစမ်းမိသေးခင်မှာ ကျွန်တော် နွေးထွေးတဲ့ တစ်စုံတစ်ခုနားကို ရောက်သွားခဲ့တယ်။ ကျွန်တော် ဘာရယ်လို့ မမြင်ရသေးပေမဲ့ နွေးနွေးငွေ့ငွေ့ဓာတ်ကလေးက အဲဒီအရာကနေ ကျွန်တော့်ဆီ ကူးစက်လာသလိုပဲ။ ဟူး... ခုမှပဲ နေလို့ နည်းနည်းကောင်းသွားတယ်။

 mgyoe.com SAMPLE BOOK 

အဲ... ကျွန်တော့်ပါးစပ်ကို တစ်စုံတစ်ခုနဲ့ ထိကပ်ပေးလိုက်သေးတယ်။ ဘာကြီးလဲလို့တော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ အဲဒီအရာဆီကနေ ကျွန်တော့်အရင် ကမ္ဘာက အားအင်တွေကို ပြန်ရလိုက်သလိုပဲ။ ဒါလေးကိုတော့ ကျွန်တော် ကြိုက် တယ်။ နောက်ခါတွေလည်း ချိုပြီး အားရှိတဲ့ ဒီအရာလေးကို တောင့်တလာရင် ကျွန်တော်တော့ ဆူညံသံကို အသားကုန် ဟစ်ပစ်လိုက်တော့တာပဲ။

နောက်ထပ် ရှိသေးတယ်။ ကျွန်တော့်ကို တစ်ခုခုနဲ့ ရစ်ပတ်ထားပြီး မျက်နှာလေးတင် ဖော်ထားကြသေးတာ။ အရင်ကမ္ဘာမှာတုန်းက ဘာမှ ရစ်ပတ် မထားဘူး၊ ဒီရောက်လာမှ ဘာတွေလဲကို မသိတာ။ ရစ်ပတ်ထားတာကိုလည်း ချွတ်လိုက်၊ ဝတ်လိုက်နဲ့။ ကျွန်တော် မကြိုက်တဲ့ အဲဒီအချိန်မှာလည်း ကျွန်တော် ဆူညံသံ ပေးပစ်တာပဲ။ ကျွန်တော့်ကို အနွေးဓာတ်နဲ့ အချိုဓာတ်ပေးနေတဲ့ အရာ နားကနေ တခြားဆီ ခေါ်သွားရင်လည်း ကျွန်တော် ဆူညံလိုက်တာပဲ။ ပြောရရင် ဒီ ကမ္ဘာမှာ ကျွန်တော် မကြိုက်တာ လုပ်ရပြီဆိုရင် ကျွန်တော် ဆူညံလိုက်တော့တာ ပဲပေါ့။ ဒါလေးကတော့ နေခဲ့ရတဲ့ အရင် ကမ္ဘာနဲ့ တကယ် ကွာတာ။ ဟိုဘက် ကမ္ဘာမှာက အသံဆိုတာ ကျွန်တော် မလုပ်တတ်သေးတဲ့ ထူးဆန်းမှုတစ်ခုပဲလေ။ ကျွန်တော် သဘောကျတဲ့ နောက်အရာနှစ်ခု ရှိတယ်။ အဲဒီအရာတွေဆီကလည်း အနွေးဓာတ်ကလေးတွေကို ကျွန်တော် ခံစားမိတယ်။

ပထမတစ်ခုက ကြမ်းရှရှ အထိအတွေ့ပေးတယ်။

နောက်တစ်ခုက ပထမ တစ်ခုလောက် မကြမ်းရှဘူး။ ကျွန်တော့်အသား ထက်တော့ နည်းနည်းလေး ကြမ်းတယ်လို့ ထင်ရပေမဲ့ အဲဒီအရာလေးနဲ့ ထိတွေ့မိရ တာတော့ ကျွန်တော် သဘောကျမိတယ်။ အဲဒီအရာလေးက နည်းနည်းနူးညံ့နေသလို ကျွန်တော့်ကို ထိနေတုန်း အသံတစ်သံ ထွက်လာခဲ့တာ။ ဘာသံရယ်လို့ ကျွန်တော် နားမလည်ပေမဲ့ အဲဒီအသံကလေးက ကျွန်တော်နဲ့ ရင်းနှီးတယ်လို့တော့ ကျွန်တော် ခံစားမိတယ်။ အရင်က တစ်ခါမှ မကြားဖူးပေမဲ့ အဲဒီအသံကလေးကို ကြားကြား ချင်းမှာပဲ ကျွန်တော့်အတွက် ကျေနပ် ပျော်ရွှင်ခြင်းဆိုတဲ့အရာ ဒီကမ္ဘာမှာ ရှိနေ ပါလားလို့ နေရာသစ်နဲ့ ပတ်သက်ပြီး အကောင်းမြင်စေတဲ့ စိတ်ကလေးတစ်ခုကို သွင်းပေးလိုက်သလိုပါပဲ။

ဒီလိုနဲ့ပဲ ကျွန်တော် ဒီကမ္ဘာမှာ နေထိုင်ခဲ့တယ်။

ရင်ငွေ့နွေးနွေးကလေးကို ပေးခဲ့တဲ့၊ သန့်စင်တဲ့ အချိုဓာတ်ပေးခဲ့တဲ့သူက မေမေ ဆိုတာရယ်...

mgyoe.com

 SAMPLE BOOK 

ကြမ်းရှပေမဲ့ သူ့ဆီက အနွေးဓာတ်ကလေးရစေခဲ့သူက ဖေဖေ ဆိုတာ ရယ်...

နူးညံ့ခြင်း၊ ကျေနပ်ပျော်ရွှင်ခြင်းတွေအကြောင်း ကျွန်တော့်ကို စသိစေခဲ့သူက အစ်ကိုဆိုတာရယ်...

အင်း... ကျွန်တော် သိသင့်သလောက် သိခဲ့တာပါပဲ။ ကျွန်တော် သူတို့ကို အထိအတွေ့က တစ်ဆင့် သိခဲ့ရတယ်။ ခုလည်း ဒီလိုပါပဲ။ သူတို့ကို ကျွန်တော် မမြင်ဖူးဘူး။ ဒါပေမဲ့ သူတို့ကို ကျွန်တော် သိနေခဲ့ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း | ၁

# မမြင်ရပေမဲ့ မြင်ကွင်းတွေအကြောင်း ပြောပြမယ်

mgyoe.com

mgyoe.com SAMPLE BOOK

# ဖြစ်ပေါ်ခြင်း

အနားနားမှာ လာလာဆူညံနေတာတွေကို ကျွန်တော် တကယ် သဘော မတွေ့မိဘူး။ အထူးသဖြင့် ကိုကို မဟုတ်တဲ့ အခြားတစ်ယောက်၊ မေမေ မဟုတ်တဲ့ အခြားတစ်ယောက်၊ ပြီးတော့ ဖိုဖို မဟုတ်တဲ့ အခြား အကောင်ပလောင်တွေ။ ကျွန်တော့်ဘဝမှာ ဒီသုံးဦးရှိနေရင် အဆင်ပြေပြီ။

ဒီနေရာမှာ ဖိုဖိုက ကျွန်တော့်အတွက်တော့ ပုံမှန်လူတစ်ယောက်ထက် ပိုတဲ့ ကျွန်တော့်ခင်တွယ်ရာလို့ ကျွန်တော် လက်ခံထားတယ်။ ကိုကိုနဲ့ မေမေတို့က ဖိုဖိုက သားအတွက် အဖော်အဖြစ်ရှိနေပေးမဲ့ ခွေးကလေးတစ်ကောင်ပဲလို့ ပြော ထားပေမဲ့ ဖိုဖိုက တိရစ္ဆာန်ဆိုတဲ့ ပညတ်ချက်ထက် ပိုပါတယ်။ ကျွန်တော် ချစ်ရတဲ့ လူသားကလေးတစ်ဦးလို့ပဲ ကျွန်တော် မြင်တယ်။ မြင်တာတဲ့နော်။ မြင်တာတဲ့။ ကျွန်တော်က မြင်တာတဲ့၊ မြင်တယ်လို့ တွေးမိတဲ့ ကျွန်တော့်ကိုယ် ကျွန်တော်တောင် ဟားတိုက်ရယ်ချင်စိတ် ပေါက်လာတယ်။ ထားပါတော့။

ကျွန်တော် နားကြပ်တပ်ပြီး အခန်းထဲ တစ်ယောက်တည်း နေနေရတာကို ကြိုက်တယ်၊ သီချင်းဖွင့်ပြီး ထင်ရာလိုက်ဆိုရတာကို သဘောကျတယ်။ ထင်ရာ လိုက်ဆိုတာဆိုပေမဲ့ ကိုကိုနဲ့ မေမေကတော့ ကျွန်တော် သီချင်းဆိုရင် အခန်းတံခါး နားကပ်ပြီး ခိုးနားထောင်တတ်တယ်လို့တော့ ပြောတာပဲ။ ကျွန်တော့်အသံက ကောင်းများ ကောင်းနေတာလား။ ကျွန်တော်ကတော့ သီချင်းအော်ဆိုလိုက်ရရင်

mgyoe.com

mgyoe.com SAMPLE BOOK

လူက လန်းသွားသလိုပဲ။ အဓိက,က ကိုယ်ပိုင်ဆိုတဲ့ နေရာလေးတစ်ခု ရထားရင် ကျွန်တော့်အတွက် ပိုင်ဆိုင်ရယူထားနိုင်ခြင်းကို ရပြီပဲလေ။ ဒါကြောင့်ပဲ ကျွန်တော့် အခန်းထဲကို ဘယ်သူစိမ်းကိုမှ လာစေ့ငုမခိုင်းဘူး။ အခန်းထဲ ဝင်ခွင့်ရှိသူက ကိုကို ရယ်၊ မေမေရယ်၊ ဒိုဒိုရယ်ပဲ။

ဒီသုံးယောက်ပဲလို့သာ လေကြီးလေကျယ် ပြောနေတာ။ ကျွန်တော့်ဘဝမှာ ဒီသုံးယောက်ကလွဲလို့ ဘယ်သူကများ၊ ဘယ်အရာကများ အနီးနားမှာ စိတ်ရော ကိုယ်ပါ နီးကပ် နားလည်ပေးနိုင်စွမ်းခဲ့သူ ရှိခဲ့သလဲ။

ပြောလေ ဘယ်သူ ရှိသလဲ ...

မေမေ ဖြေပေးစမ်းပါ ...

ကျွန်တော့်ဆီမှာ မေမေတို့ သုံးယောက်အပြင် ဘယ်သူ ရှိလဲ။

ကိုကိုရော ဖြေပေးစမ်းပါ ...

ကျွန်တော့်အနားမှာ ဘယ်သူတွေ ထပ်ရှိသေးလဲ။

ဒိုဒို မင်းရော ဖြေကွာ...

ငါ့နားမှာ... ငါ့နားမှာ...

ဖေဖေရော...

❑

ဟား... ဟား...

ကျွန်တော် ငိုနေတယ်၊ ကျွန်တော် ဝမ်းနည်းနေတယ်လို့ ထင်လိုက်ရင် အတွေးမှားတဲ့ လမ်းထဲ ရောက်သွားပြီပဲ။ ကျွန်တော်က ဘာလို့ ဝမ်းနည်းရမလဲ၊ ကျွန်တော်က ဘာလို့ ငိုရမလဲ။ ငိုလို့လည်း ဝမ်းမနည်းသလို ဝမ်းနည်းလို့လည်း မငိုချင်ဘူး။ ငိုနေရင်း ဝမ်းနည်းရင် မျက်ရည်ကျဖို့ တွန်းအားတွေက ပျောက်သွား ရောလား...

ဝမ်းနည်းလို့ ငိုချလိုက်ရင်ရော ဝမ်းနည်းနေတဲ့ တိမ်တွေက စိတ်ရပ်ဝန်း ကနေ ထွက်ခွာသွားကြရောလား...

ကိုယ့်ဆီက ထွက်ခွာသွားသူတွေကြောင့်၊ ကိုယ့်ကို စွန့်ခွာသွားသူတွေ ကြောင့်၊ ကိုယ့်ကို ထားရက်ခဲ့သူတွေကြောင့်၊ ဘောက်မဲ့ကြောင့် ကိုယ့်ကိုယ်ကိုယ် အပြစ်ပန်းခံနေမလဲ။

ထွက်သွားချင်သလား... ထွက်သွားလေ။

စွန့်သွားချင်သလား... စွန့်သွားလေ။

mgyoe.com

mgyoe.com SAMPLE BOOK

ထားခဲ့ချင်သလား... ထားသွားလေ။

အကုန်လုံးကို 'တာ့တာ' လို့ ပျော်ပျော်ကြီး ပြောပစ်လိုက်။ ကျွန်တော်ကတော့ အဲဒီလိုလုပ်ပစ်တာပဲ။ ပြီးရင် သူတို့ကို၊ သူတို့နဲ့ ဆက်နွယ်နေတဲ့ အကြောင်းအရာတွေကို၊ အမျှင်တန်းလို့ရနေမဲ့ အမှတ်ရစရာတွေကို တတ်နိုင်သမျှ မေ့ပျောက်သွားအောင် ကြိုးစား မေ့ဖျောက်ပစ်လိုက်တယ်။ လူက ပေါ့လို့ပါးလို့ပဲ။

နေနိုင်သမျှ ပျော်အောင်နေတယ်။

တွေးနိုင်သမျှ ကြည်လင်အောင် တွေးတယ်။

စိတ်ကို ပင်ပန်းလာစေမဲ့ အရာဆိုရင် တစ်ခါတည်း ရှောင်းပဲ။

အထိအတွေ့၊ အနံ့အရသာ... ဒါတွေနဲ့ ကျွန်တော် နေထိုင်နေတယ်။ အထိအတွေ့ဟာ ကျွန်တော့်အတွက် သိမြင်နိုင်စေတဲ့ အရေးအကြီးဆုံး အရာတစ်ခုပဲ။ အနံ့အရသာဟာ ပုံရိပ်တွေ ပေါ်လာစေတဲ့ ပုံဖော်စက်တစ်ခုပဲ။

မင်္ဂလာပါ။ ကျွန်တော့်ကမ္ဘာကနေ ကြိုဆိုပါတယ်။ ပုံမှန်လူတွေ ပိုင်ဆိုင်ထားတဲ့ ပုံမှန်အရာတစ်ခုကို မွေးကတည်းက ချို့တဲ့ခဲ့သူတစ်ယောက်ရဲ့ ကမ္ဘာမှာ ဘာတွေများ ရှိနေလိမ့်မလဲ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကစားပွဲ

ကိုကိုနဲ့ ကျွန်တော် ကစားဖြစ်တဲ့ ကစားနည်းတစ်ခုရှိတယ်။ ကိုကိုက ကျွန်တော့်မျက်လုံးကို ပဝါအဖြူ (ဒါလည်း ကိုကိုပြောလို့ ပဝါရယ်လို့၊ အဖြူရောင်ရယ်လို့ ကျွန်တော် သိတာရယ်) နဲ့ စည်းပြီး ကျွန်တော့်လက်ထဲကို နောက်ထပ်ပဝါတစ်ခု ပေးထားတယ်။ ကိုကိုက "ကိုကို ဒီမှာဟေ့" လို့ အော်လိုက်ရင် ကျွန်တော်က သူ ရှိနေမယ်လို့ထင်ရတဲ့ နေရာဘက်ကို ရွှေ့သွားပြီး ပဝါနဲ့ ဝှေ့ယမ်းကြည့်ရတယ်။ အဲဒီ ကစားနည်းမှာတော့ ကျွန်တော်က ဆရာကျတယ်လို့ ဆိုရမလားပဲ။ ကိုကိုက "ကိုကို ဒီမှာဟေ့" လို့ အသံပြုလိုက်တာနဲ့ ကျွန်တော် ရပ်နေရာကနေ နည်းနည်းလောက် ရွှေ့ပြီး ယမ်းလိုက်တာနဲ့ ကိုကို့ကို မိပြီးသားပဲ။ လွဲတယ်ရယ်လို့ မရှိဘူး။ ကိုကိုက ကျွန်တော့်ကို ဖမ်းတဲ့အလှည့်ရောက်ရင် ကျွန်တော့်ကို တော်ရုံနဲ့ မမိဘူး။ ကျွန်တော်က အရှောင်ကောင်းတယ်လေ။ "ကိုကိုရေ ငါ ဒီမှာဟေ့" လို့ အသံပြုလိုက်ရင် ကျွန်တော်က တစ်ဖက်ကို ယိမ်းပြီး ရှောင်လိုက်ရော။ နောက်ထပ် အသံပြုပြီးရင်လည်း နောက်တစ်ဖက်ကို ရှောင်လိုက်တာ။ ကစားနည်းကတော့ မထူးဆန်းပါဘူး။ တစ်ယောက်တစ်လှည့် ပဝါစည်းပြီး စမ်းတမ်းစမ်းတမ်း လိုက်ဖမ်းရတဲ့နည်းပါပဲ။

တစ်ရက်မှာတော့ အဲဒီကစားနည်း မကစားရဘူးရယ်လို့ ဖေဖေနဲ့ မေမေက တစ်ချက်လွတ်အမိန့် ချလိုက်တယ်။ အဲဒီနေ့က ကျွန်တော် အရှောင်အတိမ်းကောင်းပြီး ခြံထဲက ပန်းအိုးနဲ့ တိုက်မိပြီး မှောက်လဲတယ်လေ။ ကျွန်တော့်ဖြင့်

mgyoe.com

ထူပူသွားတာပဲ။ ငါ ဘာဖြစ်သွားတာလဲပေါ့။ ပြီးတော့ မျက်ရည်တွေ ကျနေမှန်း ပါးပေါ်က အေးစက်စက် စီးကြောင်းလေးတွေကြောင့် ကျွန်တော် ခံစားသိမိတယ်။ ကိုကိုက အိမ်ဘက်ကို လှမ်းအော်ခေါ်တာ ကျွန်တော် မှတ်မိတယ်။ အဲဒီနေ့က ကျွန်တော် မှောက်ရက်လဲလို့ ငိုတာက ကျွန်တော် တစ်ယောက်တည်း မဟုတ်ဘူး။ ကိုကိုလည်း ကျွန်တော့်ကို ပွေ့ထားပြီး ငိုနေမှန်း ကိုကို့အသံကနေ ကျွန်တော် ဖမ်းမိ သိနိုင်တာပေါ့။ မေမေ...ဖေဖေ... လာပါဦး၊ ဒီမှာ... ညီလေး ခလုတ်တိုက်တာ ...နှုတ်ခမ်းမှာ သွေးတွေ ထွက်နေတယ်။

ကိုကိုက အဲဒီနေ့ကစပြီး ကျွန်တော့်နား သိပ်မကပ်တော့ဘူး။ ကျွန်တော့် အခန်းထဲလဲ မလာဘူး။ ကျွန်တော်ဖြင့် တော်တော့်ကို ပျင်းနေတာ။ မနက်ခင်း ခဏလေး ဆော့ရုံပဲ ဆော့လိုက်ရသေးတယ်။ နောက်ခါ ဒီကစားနည်းကို လုံးဝ မကစားရ ဆိုတဲ့ ကန့်သတ်ချက်က တန်းရောက်လာတော့တာပဲ။ ကိုကိုနဲ့ ကျွန်တော် ဒီကစားနည်း မကစားလို့ ဘယ်လို ဆော့ရမလဲ။ ဖေဖေနဲ့ မေမေကလည်း စိုးရိမ်လွန်း တတ်ကြပါပေတယ်။ နောက်ခါတွေကျ မခိုက်မိအောင် သေချာကစားမှာပေါ့။ ဒီလိုလေး ကစားနေရရင် ကျွန်တော် သိပ်ပျော်တာ ဖေဖေရ။ ကိုကိုနဲ့ ဒီလို ကစားနေ ရရင် ကျွန်တော် ရယ်ရယ်ပြုံးပြုံး မြူးမြူးထူးထူး ဖြစ်နေတတ်တာကို မေမေလည်း တွေ့တယ် မဟုတ်လား။ ဒါပေမဲ့ ဖေဖေနဲ့ မေမေတို့က မဆော့နဲ့ဆိုတော့လည်း ကျွန်တော့်မှာ ဆော့ချင်စိတ်ကို မနည်း သည်းခံ မျိုသိပ်ထားလိုက်ရပါတယ်။

အဲဒီနေ့ ကျွန်တော် နေ့ခင်းဘက်အိပ်နေတုန်း ကိုကိုနဲ့ ဖေဖေ စကားတိုးတိုး ပြောနေသံကြောင့် ကျွန်တော် နိုးလာခဲ့တယ်။ ဒါပေမဲ့ ဖေဖေနဲ့ ကိုကို ဘာတွေများ ပြောနေကြသလဲလို့ ကျွန်တော် သိချင်မိတာနဲ့ အိပ်ချင်ယောင် ဆက်ဆောင်နေခဲ့ လိုက်တယ်။

သားကြောင့်ဖြစ်တာ မဟုတ်လား။ ညီလေး ခုလို ဖြစ်တာ သားနဲ့ ဆော့လို့ မဟုတ်လား။

မဟုတ်ပါဘူး သားရ။ သားကြောင့် မဟုတ်ပါဘူး။ ညီလေး ခုလို ဖြစ်တာ ညီလေး ခလုတ်တိုက်မိတဲ့ ပန်းအိုးကြောင့်ပဲ။

ပန်းအိုးကြောင့်။

ဟုတ်တယ်။ အဲဒီပန်းအိုးက အဲဒီနေရာမှာ ရှိနေခဲ့လို့ သားရဲ့ ညီလေး မှောက်ရက်လဲတာ။

ဒါဆို အဲဒီပန်းအိုးကို နေရာပြောင်းပေး။ ဒါဆို သားနဲ့ ညီလေး ဆက်ဆော့

mgyoe.com

mgyee.com SAMPLE BOOK

လို့ ရပြီ။

ပန်းအိုးကို နေရာပြောင်းလိုက်ရုံနဲ့ သားရဲ့ ညီလေး နောက်ခါတွေ ခလုတ်မတိုက်မိတော့ဘူးလို့ သား ပြောနိုင်လား။

❑

ဖေဖေ ပြောပြမယ်။ သားတို့ ကစားနေတဲ့ နေရာမှာ မြက်ခင်းကို ဘောင်လုပ်ထားတဲ့ အုတ်တန်းနဲ့ တိုက်မိရင်လဲ ညီလေး ခလုတ်တိုက်မိမှာပဲ။ ဒါဆို ညီလေး နာပြီး ငိုရဦးမှာပဲ။ ဒါမှမဟုတ် ညီလေးက သားကို ဖမ်းရင်း အရှိန်လွန်ပြီး ချော်လဲသွားရင်လည်း ညီလေး ငိုရှာမှာပဲ။ ဒီတော့ သားတို့ ဒီကစားနည်း မဆော့တာကောင်းပါတယ်။

သားတို့ ဒီကစားနည်း မကစားရရင် ဘယ်လိုကစားမှာလဲ ဖေဖေ။ ညီလေးက...။

ကိုကို့ဆီက ဘာသံမှ ထပ်ထွက်မလာတော့ဘူး။ ကျွန်တော် သေချာစူးစိုက်နားထောင်ကြည့်တယ်။ တကယ် ဘာသံမှမကြားရတော့တာ။ ခဏနေတော့ ဖေဖေနဲ့ ကိုကို အခန်းပြင် ထွက်သွားကြတယ်။

ကိုကို ဘာလို့ ဆက်မပြောတာလဲ။ ကျွန်တော်က...ကျွန်တော်က... ဘာဖြစ်လို့လဲ။ ပြီးတော့ ကိုကိုရော၊ ဖေဖေရော ဘာလို့ ဘာမှမပြောဘဲ ငြိမ်နေကြတာလဲ။ ကျွန်တော် မသိသေးတဲ့ ကျွန်တော့်အကြောင်းတွေ ရှိနေသေးရင် ကျွန်တော့်ကို ပြောပြဖို့ ကိုကိုရော၊ ဖေဖေရော စိတ်မကူးမိဘူးလားဟင်။ ကျွန်တော့်အကြောင်း ကျွန်တော် သေချာသိထားသင့်တယ် မဟုတ်ဘူးလား။ ကိုယ့်အကြောင်းကို ကိုယ်မှ သေချာမသိရင်...

ပန်းအိုး... ကျွန်တော်နဲ့ တိုက်မိတယ်ဆိုတဲ့ ပန်းအိုး...

ပန်းအိုးဆိုတာ ဘယ်လိုပုံစံမျိုး ရှိပါလိမ့်...

မာကျောတဲ့ အရာတစ်ခုလို့တော့ တိုက်မိတုန်းက ကျွန်တော် ခံစားလိုက်ရတယ်။ ကျန်တာတော့ ကျွန်တော် မသိသေးဘူး။ ဒါဆို ဖေဖေရော၊ မေမေရော၊ ကိုကိုရော သိတဲ့ ပန်းအိုးဆိုတာကို ကျွန်တော်ပဲ မသိသေးတာပေါ့။

အဲဒီနေ့ညမှာ ဖေဖေနဲ့ မေမေက ကိုကိုနဲ့ ကျွန်တော့်ကို နောက်ခါ အန္တရာယ်မကင်းတာတွေ မဆော့ရဘူးလို့ ပြောပြီး နဖူးကို ခပ်ဖွဖွကလေး နမ်းသွားကြတယ်။ ဖေဖေနဲ့ မေမေ ကျွန်တော်တို့ အခန်းထဲကမထွက်ခင် ကျွန်တော် အမိအရ လှမ်းမေးလိုက်သေးတယ်။

mgyee.com

mgyoe.com
SAMPLE BOOK


သား မနက်က တိုက်မိတဲ့ ပန်းအိုးက ဘယ်လိုမျိုးလဲဟင်။

ဖေဖေနဲ့ မေမေ ဘာအဖြေမှ ပြန်မပေးသေးဘဲ ခဏလောက် ငြိမ်နေကြပုံပဲ။ ပြီးမှ ဖေဖေက ဖြေတာ။

ပန်းအိုးက သားလိုပဲ ချစ်စရာကောင်းတယ်။ ဝိုင်းဝိုင်းကလေး။ ပြီးတော့ နှုတ်ခမ်းက တွန့်တွန့်လေးနဲ့။

ပန်းအိုးက မာတယ်နော် ဖေဖေ။

ဟုတ်တယ်။ မာတာပေါ့။ သူ့ကို ခလုတ်တိုက်မိတာတောင် သူ ဘာမှ မဖြစ်ဘူး။

တိုက်မိတဲ့ သားကျ ငိုမိသေးတယ်။ ဒါပေမဲ့ သားလဲ ပန်းအိုးလို မာတယ်ထင်တယ်။ ငိုတာက ခဏလေးပဲ။ ပြီးတော့ ဒီလို နာတာတောင် သားက ဆက်ဆော့ချင်နေသေးတာ။ နောက်ခါတွေ သားလည်း ပန်းအိုးလို မငိုတတ်အောင် လုပ်ရမယ်။

ဟင်... ဖေဖေရော မေမေရော ဘာမှလဲ မပြောကြပါလား။ ကိုကို့အသံလည်း မကြားမိဘူး။ ကိုကို အိပ်ပျော်သွားပြီထင်တယ်။ ဒါဆို ကျွန်တော်လည်း အိပ်တော့မယ်။

သား အိပ်တော့မယ်။ ကိုကိုလည်း အိပ်နေပြီမို့လား။

သားရဲ့ ကိုကိုက အိပ်နေပြီ။ ဒါဆို မေမေတို့ မီးမှိတ်ပြီး တံခါးပိတ်ပေးသွားမယ်။

အိပ်ဖို့ ကျွန်တော် မျက်လုံးတွေကို မှိတ်လိုက်တယ်။ အိပ်တော့မယ်ပေါ့။ အိပ်မယ်ဆိုကာနီးမှ မေမေ ပြောသွားတဲ့ မီးမှိတ်တယ်ဆိုတာ ဘာကို မှိတ်လိုက်တာပါလိမ့်။

မီးမှိတ်လိုက်ရင် ဘာဖြစ်သွားတာလဲ ...

အိပ်ရင် ဒီလိုပဲ မီးမှိတ်ရတာလား...

မီးမှိတ်လိုက်မှ အိပ်ချင်စိတ်က ဝင်လာတာလား...

ဒါဆို အရင်နေ့တွေကရော မီး အမြဲ မှိတ်သလား...

မီးမှိတ်ထားရင်ပဲဖြစ်ဖြစ်၊ မီးဖွင့်ထားရင်ပဲဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ ထူးပြီး ဘာမှ ပြောင်းလဲမသွားသလိုပဲ။

ကျွန်တော် ကြားဖူးနေတဲ့ အလင်းနဲ့ အမှောင်ဆိုတာကို ဘယ်လို သတ်မှတ်ထားကြသလဲ ...

mgyoe.com

 SAMPLE BOOK 

ကျွန်တော် ဒီနေ့ကစပြီး မကစားရတော့မဲ့ ကစားနည်းအစား ဘယ်ကစားနည်းကို အစားထိုး ကစားရမလဲ...

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံပြင်တွေရဲ့ နောက်ကွယ်

ကိုကိုက ကျွန်တော့်အတွက် စာအုပ်ဝယ်လာခဲ့တယ်တဲ့။ သူ ပြောတာတော့ ပုံပြင်ဆိုလားပဲ။ ကိုကိုက ပုံပြင်ဖတ်ရတာကို သိပ်ကြိုက်တယ်လို့ ကျွန်တော့်ကို ပြောပြဖူးတယ်။ ဒါပေမဲ့ ကျွန်တော်က ပုံပြင်ဆိုတာကို ကိုကို့လို ဖတ်လဲ မဖတ်ဖူး သေးသလို မြင်လည်း မမြင်ဖူးသေးဘူး။ ကိုကို့ပြောပုံအရဆိုရင် ပုံပြင်ထဲက လူတွေ၊ အကောင်လေးတွေက အားကျစရာ၊ ချစ်စရာ သိပ်ကောင်းပြီး သူတို့နေတဲ့ နေရာတွေက သိပ်လှသတဲ့။ မင်းသား၊ မင်းသမီးလေးတွေ၊ သူရဲကောင်းတွေကို သူသိပ်အား ကျရသလို သူတို့ကို လိုက်လိုက်နှောင့်ယှက်တတ်တဲ့၊ အန္တရာယ်ပေးပေးတတ်တဲ့ လူဆိုးတွေကိုတော့ သိပ်မုန်းသတဲ့။ မကောင်းတဲ့ လူတွေလို့ ပြောတာပဲ။

ဩော်... ဒီကမ္ဘာမှာ လူတွေ သိပ်ပေါပါလားကွယ်။ ခုလည်း ကောင်းတဲ့ လူ၊ မကောင်းတဲ့လူရယ်လို့ ရှိပြန်သေးသတဲ့။ အင်း... ကောင်းတယ်၊ မကောင်းဘူး၊ ဆိုးတယ်၊ မဆိုးဘူးဆိုတာ ဘယ်လိုစံနှုန်းတွေနဲ့ သတ်မှတ်ကြပါလိမ့်။ ကျွန်တော် ကရော ကောင်းတဲ့လူလား၊ မကောင်းတဲ့လူလား၊ ဆိုးတဲ့လူလား၊ မဆိုးတဲ့လူလား။ ဒီကမ္ဘာရဲ့ ပညတ်ချက်တွေက အတော်များတာပဲ။ ကျွန်တော် စရောက်လာကတည်း က ဒီကမ္ဘာဟာ စူးစမ်းချင်စရာတွေနဲ့ ပြည့်နှက်နေခဲ့တာတွေပဲ။

ဖေဖေ၊ မေမေတို့ ပြောသလို ကျွန်တော် လိုက်လုပ်ကြည့်တော့ လမ်း လျှောက်ခြင်း ဆိုတဲ့အရာကို ကျွန်တော် တတ်မြောက်လာခဲ့တယ်။

mgyoe.com

ကိုကိုနဲ့ လက်ကိုတွဲရင်း ကျွန်တော် ဆော့ကစားခြင်း၊ ပြေးလွှားခြင်း ဆိုတဲ့ အတတ်ကို ကျွန်တော် သင်ယူနိုင်ခဲ့တယ်။

မေမေ့နို့ချိုစို့ရာကနေ ထမင်းဆိုတဲ့ စားစရာကို ကျွန်တော် စားတတ်လာခဲ့တယ်။ မေမေ ပြောပြပေးသလို ကျွန်တော့်သွားကလေးတွေနဲ့ ညက်အောင် ဝါးတတ်လာတယ်။ ဆီဆမ်းထားတဲ့ ထမင်းနဲ့ အနှစ်ပါတဲ့ ဟင်းတွေကို ကျွန်တော် အားပါးတရ စားတတ်လာတယ်။

ဖေဖေ ဝယ်ပေးလာတတ်တဲ့ အရုပ်ဆိုတဲ့ အရာတွေကို ကျွန်တော် မမြင်ရပေမဲ့ ကျွန်တော် ဆော့တတ်လာတယ်။ အဲဒီ အရုပ်ဆိုတဲ့ အရာတွေကလေ တချို့က ပျော့အိအိလေးတွေ၊ တချို့က အမွေးအမျှင်လေးတွေနဲ့၊ တချို့က မာမာကလေးတွေ၊ တချို့က အတွန့်ကလေးတွေနဲ့၊ တချို့က ကျွန်တော်နဲ့ တစ်ရွယ်တည်းလောက်တောင် ရှိလောက်မယ်၊ ကျွန်တော်တောင် အဲဒီအရုပ်ပေါ်မှာ အိပ်လို့တောင်ရတယ်။

ပြောရရင် ဖေဖေ၊ မေမေ၊ ကိုကိုက ကျွန်တော့်ပုံပြင်တွေထဲမှာတော့ ဇာတ်လိုက်တွေချည်းပဲ။ ကိုကို ပြောသလိုဆိုရင် လူကောင်းတွေပေါ့။ သူတို့ဆီကနေ ကျွန်တော် အများကြီး သင်ယူခဲ့ရတယ်။ သူတို့နဲ့အတူ ကျွန်တော် ဒီကမ္ဘာကြီးထဲက အကြောင်းအချို့၊ အရာအချို့ကို သိခွင့်ရထားတယ်။ ကိုကိုပြောတဲ့ မကောင်းတဲ့လူ၊ ဆိုးတဲ့လူဆိုတာ ဘယ်လိုမျိုးလဲဆိုတာ ကျွန်တော် ခုထိတော့ မသိသေးဘူး။ ညမှ ကိုကို ဖတ်ပြမယ်ဆိုတဲ့ ပုံပြင်တွေကို ကျွန်တော် နားထောင်ကြည့်ရင်း သိခွင့်ရမယ် ထင်တာပါပဲ။

ညီလေး နားထောင်ကြည့် ကိုကို ပုံပြင် ဖတ်ပြမယ်။

ကျွန်တော် ကိုကိုဖတ်ပြမှာကို နားကလေးစွင့်ထားမိတယ်။ ကိုကို ပြောပြောနေတဲ့ ပုံပြင်ဆိုတာကို ကျွန်တော် နားထောင်ရတော့မယ်၊ သိရတော့မယ်လေ။ ဟိုးရှေးရှေးတုန်းက တောအုပ်တစ်အုပ်မှာ ခြင်္သေ့တစ်ကောင်ကို အုပ်ချုပ်သူ ဘုရင်အရာထားပြီး တိရစ္ဆာန်တွေ နေထိုင်ခဲ့ကြသတဲ့။ တောအုပ်နယ်နိမိတ်ကိုလည်း ဒီခြင်္သေ့ကပဲ သတ်မှတ်ပေးသတဲ့။ တိရစ္ဆာန်တွေကြားမှာ အငြင်းအခုန်ဖြစ်လာကြရင်လည်း ဒီခြင်္သေ့ကပဲ ဆုံးဖြတ်ပေးသတဲ့။

တစ်ရက်မှာတော့ တိရစ္ဆာန်တွေထဲက ခွေးအတစ်ကောင်က သူလည်း ဘုရင်နေရာကို ရောက်ချင်ကြောင်း တိရစ္ဆာန်စုဝေးပွဲမှာ တင်ပြသတဲ့။ ဒီတော့ သူ့လို ပိန်သေးသေး ညှောင်နာနာ တိရစ္ဆာန်တစ်ကောင်က ခြင်္သေ့မင်းလို ခွန်အား

mgyoe.com

mgyoe.com
SAMPLE BOOK


ဗလကြီးမားသူ တစ်ယောက်ကို ဘယ်လိုယှဉ်ရဲလို့ ဒီစကား ပြောထွက်ရသလဲ ဆိုပြီး ဝိုင်းလှောင်ပြောင်ကြပါရော။

ဒီစကားကို ခြင်္သေ့မင်းက ကြားတော့ ငါတို့ ယှဉ်ကြတာပေါ့ဆိုပြီး ယှဉ်တိုက်ကြတာပေါ့။ ခြင်္သေ့မင်းက ခွန်အားကြီးသူ ဖြစ်နေတော့ ခွေးအခမျာ ကုတ်ကနေ ဆွဲဆွဲပြီး ခဏခဏ အပစ်ခံရတယ်။

ခွေးအဆိုတာ အုပ်စုနဲ့ နေတာဆိုပေမဲ့ သူ တစ်ကောင်တည်းက ကွက်ပြီး အားလုံးသဘောတူ တင်မြှောက်ထားတဲ့ ဘုရင်ကိုမှ သွားယှဉ်ရကောင်းရဲ့ဆိုပြီး သူ့အမျိုးတွေကပါ သူ့ကို ဝိုင်းလှောင်ကြသတဲ့။ ယှဉ်ပြိုင်ကြတဲ့အခါမှာလည်း သူတို့အမျိုးအနွယ် ခွေးအကို အားမပေးဘဲ ဘုရင်ဖြစ်တဲ့ ခြင်္သေ့ကိုပဲ အားပေးကြသတဲ့။ ခွေးအခမျာ ဘယ်လောက်ပဲ ကြိုးစား ယှဉ်ပြိုင်ယှဉ်ပြိုင် အားချင်းမမျှတော့ အလဲလဲအကွဲကွဲနဲ့ နောက်ဆုံးမှာ သူပဲ အရှုံးပေးလိုက်ရတာပေါ့။

ယှဉ်ပြိုင်တဲ့ပွဲပြီးတဲ့နောက်မှာ ခြင်္သေ့မင်းက တိရစ္ဆာန်တွေကို ပြောသတဲ့။

ကိုယ်နဲ့ အားချင်းမညီဘဲ တန်းတူယောင်ယောင် ဟိတ်ဟန်လုပ်နေရင် နောက်ဆုံးမှာ အရှုံးနဲ့ ကြုံရမှာပဲ။ လောကမှာ ဒူးနေရာ ဒူး၊ တော်နေရာ တော်ပဲကောင်းတယ်။ ကိုယ့်အခြေအနေ၊ ကိုယ့်အနေအထားကို အရင်ဆုံး သေချာသိအောင်လုပ်ပြီး ကိုယ့်အတွက် အဆင်အပြေဆုံးဖြစ်မဲ့ အရာကို အကောင်းဆုံး လုပ်ဆောင်ကြပါတဲ့။

ပွဲကြည့်ပရိသတ် တိရစ္ဆာန်အပေါင်းကလည်း သူတို့ဘုရင် ခြင်္သေ့ကို လက်ခုပ်သံ တညံညံနဲ့ ဂုဏ် ပြုအားပေးကြသတဲ့။ ခွေးအကတော့ အဲဒီနေရာကနေ မျက်နှာညှိုးညှိုးငယ်ငယ်ကလေးနဲ့ ထွက်လာခဲ့ရရှာတာပေါ့။ လမ်းမှာ တွေ့သမျှ တိရစ္ဆာန်တွေက သူ့ကို မတန်မရာမှန်းပြီး သွားပြိုင်တာ ဒီလောက် ခံလာရတာ နည်းတောင် နည်းသေးလို့ ကဲ့ရဲ့ကြတာပေါ့။

အဲဒီနောက်တော့ ခွေးအလည်း ခြင်္သေ့မင်းအုပ်ချုပ်တဲ့ တောအုပ်ရဲ့ အစွန်အဖျားတစ်နေရာမှာ တစ်ယောက်တည်း နေထိုင်သွားသတဲ့။

ဟင် ပြီးသွားပြီလား ကိုကို။

အေး ပြီးသွားပြီ။ ကိုကိုတို့လည်း ကိုယ်နဲ့ သင့်တော်တဲ့၊ ကိုယ့်အတွက် အဆင်ပြေမဲ့အရာကိုပဲ လုပ်သင့်တာပဲ။ ကိုကိုနဲ့ ညီလေး ဆော့နေကျ ကစားနည်းဆိုရင် ကိုကိုတို့ မကစားသင့်တဲ့ ကစားနည်း ဖြစ်သွားပြီ။

အာ... ကိုကိုကလည်း အဲဒီလိုကစားရတာ ဘယ်လောက် ပျော်စရာကောင်း

mgyoe.com

လဲ။

ပျော်စရာတော့ ကောင်းတာပေါ့ကွ။ ဒါပေမဲ့ ကိုကိုတို့ကစားရင် ထိမိခိုက်မိမှာ။ အရင်လကပဲ ညီလေး ဒဏ်ရာရပြီးပြီလေ။ မေမေတို့ကလဲ ကိုကိုတို့ကို ဆက်မကစားရတော့ဘူးလို့ ပြောထားသားပဲ။ အခြားကစားနည်း ပြောင်းဆော့တာ ကောင်းတာပဲ။ ညီလေးလဲ ကိုကိုနဲ့ ကစားနည်းအသစ်တွေ ပြောင်းဆော့နေတာ ပျော်တယ် မဟုတ်လား။

ပျော်တာတော့ ပျော်တာပေါ့။ ဒါပေမဲ့ ညီလေးက အဲဒီ ကစားနည်းကို ပိုပြီး သဘောကျတာ ကိုကိုရ။

ဒါဆို ပုံပြင်ထဲက ခြင်္သေ့ကြီး ပြောတဲ့စကားကို မှတ်ထား။ ခြင်္သေ့ကြီးက ဘယ်လို ပြောထားတုံး။

ကိုယ့်အတွက်တန်တဲ့၊ အဆင်ပြေစေမဲ့ အရာကိုပဲ လုပ်သင့်တယ်။ မဟုတ်ရင် ထိခိုက်တတ်တယ်တဲ့။

ဟုတ်ပြီ။ ကဲ... ညီလေးလည်း အိပ်တော့။ ကိုကိုလည်း အိပ်တော့မယ်။ နောက်နေ့တွေကျရင်လည်း ကိုကို ပုံပြင်တွေ ထပ်ဖတ်ပြမယ်။ ခု အိပ်တော့နော်။ ဟုတ်။

ကျွန်တော် မျက်လုံးကိုသာ မှိတ်ထားတာ ကိုကို ပြောပြတဲ့ ပုံပြင်ထဲက အကြောင်းကို ဆက်တွေးနေမိသေးတယ်။ ဒီကမ္ဘာကြီးထဲက ပုံပြင်ဆိုတဲ့ အရာက ဒီလို အမြင်တွေကိုပဲ ပေးတာလား။ မတူရင်၊ မတန်ရင် မယှဉ်သင့်ဘူး၊ ကိုယ်နဲ့ တော်ရာတန်ရာကိုပဲ လုပ်သင့်တယ်တဲ့လား။

ဒါဆို ပထမအကြိမ် ကြိုးစားကြည့်လို့ အဆင်မပြေရင် ဒုတိယအကြိမ် ရော ထပ်မကြိုးစားကြည့်သင့်ဘူးလား။

ဒီပုံပြင်ထဲမှာ ကျွန်တော် မကြိုက်တာတွေ အများကြီးပဲ။

ခြင်္သေ့ကြီး ပြောတဲ့ စကားကိုလည်း ကျွန်တော် မကြိုက်ဘူး။

တိရစ္ဆာန်တွေရဲ့ အတွေးတွေကိုလည်း ကျွန်တော် မကြိုက်ဘူး။

ခွေးအရဲ့ တစ်ကြိမ်ကြိုးစားပြီးလို့ ရှုံးသွားရင် ထပ်မကြိုးစားတာကိုလည်း ကျွန်တော် မကြိုက်ဘူး။

လိုအပ်တာတွေကို ကြိုးစားမပြင်ဆင်ဘဲ ဘေးနားက ဝိုင်းကဲ့ရဲ့လို့ နောက်ထပ် မပြိုင်ရဲတော့တဲ့ ခွေးအကို ကျွန်တော် မကြိုက်ဘူး။

ကိုကို ပြောဖူးသလို ပုံပြင်တွေထဲမှာ အားကျစရာရယ်လို့လည်း ကျွန်တော်

mgyoe.com

mgyoe.com


မတွေ့မိပါဘူး။ ကိုကိုကတော့ ခြင်္သေ့ကြီးကို သဘောကျပုံပဲ။ ကျွန်တော်ကတော့ သဘောမကျဘူး။ အဲဒီပုံပြင်ထဲက ဘယ်သူ့ကိုမှ သဘောမကျဘူး။ ကြိုက်လည်း မကြိုက်ဘူး။

ကျွန်တော် တွေးမိတာတစ်ခုကတော့ ဘယ်လိုပဲ လဲပြို လဲပြို ထပ်ပြီး ကြိုးစားကြည့်သင့်တယ် ဆိုတာပဲ။

ဟား...ဟား... တောင်တွေး မြောက်တွေးသာ လုပ်နေတာ ခုတော့ ကျွန်တော် ဆော့ချင်တဲ့ ကစားနည်းကို ကျွန်တော် မကစားရတော့ဘူးလေ။ အင်း... ကိုကို ပြောသလိုပဲ ဒီပုံပြင်ရဲ့ သင်ခန်းစာက တကယ်ပဲ မှန်နေခဲ့တာလား။

အဲဒီနေ့ညက အိပ်မက်ထဲမှာ ကိုကိုနဲ့ ကျွန်တော်တင်မကဘူး။ ဖေဖေရော၊ မေမေရောပါ ကျွန်တော်တို့နဲ့တူတူ ကစားနေခဲ့ကြတာ။ အဲဒီ အိပ်မက်ထဲမှာ ကျွန်တော်ကချည်း မျက်လုံးကို ပဝါစည်းပြီး ဖေဖေ၊ မေမေနဲ့ ကိုကို့ကို ပဝါနဲ့ လိုက်ဖမ်းနေရတာ။ ကျွန်တော် ဘယ်လောက်ပဲ လိုက်ဖမ်းနေရပါစေ၊ ကျွန်တော် မမောနိုင် မပန်းနိုင် လိုက်ဖမ်းနေခဲ့တာ။ ဆော့ရတာ တကယ်ပျော်စရာကောင်းတာလေ။ ဖေဖေ့ကိုရော၊ မေမေ့ကိုရော၊ ကိုကို့ကိုရော ကျွန်တော် မမြင်ဖူးပေမဲ့ ကျွန်တော့် အိပ်မက်ထဲမှာ သူတို့သုံးယောက်လုံး ကျွန်တော့်နဲ့တူတူ ဆော့နေခဲ့ကြတာ။ အိပ်မက်ထဲမှာ ကျွန်တော့်မျက်လုံးတွေက အမြဲ ပဝါစည်းလျက်ပါပဲ။

အိပ်မက်တွေကရော ပုံပြင်တွေပဲလား...

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အဖော်သစ် ရှာဖွေခြင်း

ကိုကို ကျောင်းသွားရတဲ့ရက်တွေမှာ ကျွန်တော်တော့ တော်တော်လေး ပျင်းရတယ်။ ကျွန်တော့်ဘေးနားမှာ မေမေ နေပေးပေမဲ့ ကိုကိုနဲ့လောက်တော့ ပျော်ဖို့ ဘယ်ကောင်းမလဲ။ မေမေ ထမင်းဟင်း သွားချက်တဲ့အခါဆို ကျွန်တော့်ကို မေမေက ဧည့်ခန်းနဲ့ မီးဖိုခန်းအစပ်နားမှာ အရုပ်တွေနဲ့ ထားထားပေးခဲ့တာ။ သား အခြားဖက်တွေကို ကူးမသွားနဲ့နော်။ ဒီနားလေးမှာမှ မေမေက သားကို မြင်ရမှာ။ သား ဒီနားမှာပဲ ဆော့နော်။ မေမေ ချက်လို့ပြုတ်လို့ပြီးတာနဲ့ သားနဲ့တူတူ ဆော့ပေးမယ်။ ဟုတ်ပြီလား။ ကိုယ် သဘောတူရင် ခေါင်းညိတ်ရမယ်လို့ ကိုကိုက ပြောဖူးတယ်။ ခေါင်းညိတ်တယ်ဆိုတာက ခေါင်းကို အောက်နားဘက် နည်းနည်း ငုံ့လိုက်တာမျိုးလို့ ကိုကိုက ကျွန်တော့်ကို သင်ပေးထားတယ်။ ဒီတော့ ကိုကို သင်ပေးထားတဲ့အတိုင်း မေမေ့ကို ဟုတ်မေမေလို့ ပြောပြီး ခေါင်းညိတ်ပြလိုက်တယ်။

အရုပ်တွေနဲ့ ဆော့ရတာက ကောင်းတော့ ကောင်းတယ်။ သူတို့ကို ကိုယ်ကြိုက်သလို လုပ်ခိုင်းလို့ရသလို ကိုယ်ကြိုက်တဲ့ နာမည်လည်း ပေးထားလို့ရတယ်။ ဘယ်အရုပ်ကတော့ လူကောင်း၊ ဘယ်အရုပ်ကတော့ လူဆိုး ကိုယ်ကြိုက်သလို နေရာချလို့ ရတယ်။ အရုပ်တွေကရော ကျွန်တော် လုပ်ချင်ရာ လုပ်နေတာကို သဘောမှ ကျကြရဲ့လား။ ကျွန်တော် ပြုသမျှ နုနေရတာကို သူတို့ ကျေနပ်ကြရဲ့ လား။ အရုပ်တွေသာ လူတွေလို စကားပြောတတ်ရင်၊ အရုပ်တွေသာ နာကျင်

mgyoe.com